# မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆။)

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၂တွင် ပုဒ်မခွဲ (ဠ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဠ) **ယာဉ်ဆိုသည်မှာ** စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ အခြားစွမ်းအားကို ဖြစ်စေ၊ အားလုံးကိုသော်လည်းကောင်း၊ အချို့အဝက်မျှကိုသော်လည်းကောင်း အသုံး ပြု၍ လမ်းပေါ်တွင် မောင်းနှင်သွားလာသည့် သို့မဟုတ် မောင်းနှင်သွားလာနိုင်သည့် ယာဉ်များကို ဆိုသည်။

၃။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဠ)ကို (အ)အဖြစ် ပြောင်းလဲသတ်မှတ်၍ အောက်ပါအတိုင်း အစားထိုးရမည် -

(အ) **အနေးယာဉ်ဆိုသည်မှာ** လူကိုဖြစ်စေ၊ ကုန်ပစ္စည်းကိုဖြစ်စေ၊ ယင်းနှစ်ရပ်လုံးကိုဖြစ်စေ သယ်ယူပို့ဆောင်ပေးရန် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

၄။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ၂တွင် ပုဒ်မခွဲ (အ)ကို(က-၁) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (က-၁)ကို (ခ-၁)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ခ-၁)ကို (ဂ-၁) အဖြစ် လည်းကောင်း၊ ပုဒ်မခွဲ (ဂ-၁)ကို (ဃ-၁)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဃ-၁)ကို (င-၁) အဖြစ် လည်းကောင်း၊ပုဒ်မခွဲ(င-၁)ကို(စ-၁)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (စ-၁)ကို (ဆ-၁) အဖြစ် လည်းကောင်း၊ ပုဒ်မခွဲ (ဆ-၁)ကို (ဇ-၁)အဖြစ်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၅။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဇ-၁)ကို (ဈ-၁) အဖြစ် ပြောင်းလဲသတ်မှတ်၍ အောက်ပါအတိုင်း အစားထိုးရမည် -

(ဈ-၁) **သားသတ်ရုံဆိုသည်မှာ** ကျွဲ၊ နွား၊ နွားနောက်၊ သိုး၊ ဆိတ်၊ ဝက်များ သတ်ဖြတ်ရန် အဖွဲ့မှ သတ်မှတ်ပေးထားသည့် နေရာဌာနကို ဆိုသည်။

၆။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဈ-၁)ကို (ည-၁) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ည-၁)ကို (ဋ-၁)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဋ-၁) ကို (ဌ-၁) အဖြစ် လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၇။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဌ-၁) ၏ နောက်တွင် ပုဒ်မခွဲ (ဍ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဍ-၁) **ကျူးကျော်ခြင်း** ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သို့မဟုတ် စည်ပင်သာယာရေး အဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေ၊ လမ်းမြေ၊ ဈေး၊ ပန်းခြံ၊ သုသာန်၊ ကစားကွင်း၊ အဆောက်အအုံ တို့အပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ယာယီသို့မဟုတ် အမြဲတမ်း နေထိုင်ခြင်း၊ အချိန်ပိုင်းနေထိုင်ခြင်း၊ ဈေးရောင်းချခြင်းနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် အထက်ပါ ဆောင်ရွက်ချက်များကို အားပေးခြင်း၊ အားထုတ်ခြင်း တို့လည်း ပါဝင်သည်။

၈။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲ (တ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဍ) ယာဉ်နှင့် အနေးယာဉ်များသွားလာခြင်း၊ ရပ်နားခြင်း၊ မြို့တွင်းနှင့် အဝေးပြေးယာဉ် ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ ယာဉ်ရောင်းဝယ်ရေး စခန်းများ ဖွင့်လှစ်ခြင်း၊ ယာဉ်မောင်းသင်လေ့ကျင့်ရေး စခန်းများဖွင့်လှစ် ဆောင်ရွက်ခြင်း၊ ယာဉ်နှင့် အနေး ယာဉ်များ ပြုပြင်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ယင်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(တ) ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦများနှင့် အဆောက်အအုံများ ဖျက်သိမ်း ခြင်း၊ လိုအပ်ပါက သင့်လျော်သည့် အင်အားအသုံးပြု၍ ဖျက်သိမ်းဖယ်ရှားခြင်း၊

၉။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ၂၄၊ ပုဒ်မခွဲ(ဘ)၏ နောက် တွင် ပုဒ်မခွဲ (မ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(မ) လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှု စည်းကမ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲ ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

၁၀။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၇။ ကော်မတီသည် စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့် အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံ ပိုင်ရှင်သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း ပြုနိုင်သည်။ အောက်ဖော်ပြပါ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)ပါ ဆောင်ရွက်သည့် ကုန်ကျစရိတ် များကို ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူက ကျခံစေရမည်။

၁၁။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၆၂ ၌ ပုဒ်မ ၃၅ ကို ဖြည့်စွက်၍ "ကော်မတီက" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၂။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (ဃ)ကို ပယ်ဖျက်ရမည်။

၁၃။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၁ တွင် ပုဒ်မခွဲ (င) ကို (ဃ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (စ) ကို (င)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဆ) ကို (စ) အဖြစ်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၁၄။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(စ) မြို့တွင်းနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများ၊ ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်းများ၊ ယာဉ်နှင့်အနေးယာဉ်များ ပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၁၅။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဇ) လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှု စည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

၁၆။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၉၀ ဇယား၌ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (ဂ)၏နောက်တွင် ပုဒ်မခွဲ (ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဃ) ကော်မတီက သတ်မှတ်ပေးထားသော အမှိုက်ကန်၊ အမှိုက်ပုံး၊ ယာယီအမှိုက်စုပုံရန် နေရာနှင့် အမှိုက်သိမ်းဆည်းသည့်ယာဉ်တို့မှအပ မည်သည့်နေရာတွင်မျှ အမှိုက် စွန့်ပစ်ခြင်း မပြုရ၊

၁၇။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၉၀ ဇယား၌ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (ဆ) ကို (စ)အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၁၈။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၉၁၊ ဇယားတွင် ပုဒ်မ ၇၁၊ ပုဒ်မခွဲ (စ) ကို (င) အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၁၉။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၉၁ ဇယား၌ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (င)၏နောက်တွင် ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(စ) မြို့တွင်းနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများ၊ ယာဉ်မောင်းသင် လေ့ကျင့်ရေးစခန်းများ၊ ယာဉ်နှင့် အနေးယာဉ်များပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၂၀။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၉၁ ဇယား၌ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (စ)၏နောက်တွင် ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဆ) လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှု စည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ၊

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**